# ဇရာလွှမ်းလဲ နွမ်းလို့မကြွေ



ညက်ဦးမောင်

ကျောင်းစာသင်ခန်းများရဲ့ နောက်ဆုံးရာသီက တခုခု ထူးခြားနေသလို ထင်မိတယ်။ သုံးနှစ်ကျော်ကျော်မျှ လှုပ်ရှားသွားလာခဲ့တဲ့ ပတ်ဝန်းကျင်တစ်ခုကို နှုတ်ဆက်ခွဲခွါ ထားခဲ့ရမှာမို့လေလား၊ ဆောင်းဦးရာသီရဲ့ ရွက်ကြွေစတွေကပဲ လွမ်းချင့်ဖွယ် ရသတစ်ခုကို ဖန်တီးနေသမို့လေလား။ ဒါမှမဟုတ် ဘဝအသိကပဲ ရင့်ရော်ခြင်းနိမိတ်တွေ ပိုမိုပေါ်ထင်အောင် ခေါ်ဆောင်ခဲ့လို့လေလားတော့ တိတိကျကျ ဝေခွဲမရနိုင်ပါဘူး။ ကြီးရင့်ခြင်း၊ အရွယ်လွန်ခြင်းဆိုတာနဲ့စပ်တဲ့ အတွေးတစ်ခုကိုတော့ မကြာခဏပဲ တွေးနေမိတယ်။

ခုလိုတွေးမိတတ်ကာမှ တိုက်တိုက်ဆိုင်ဆိုင် ဒီရက်ပိုင်းမှာ အဖိုးအဖွားတွေရဲ့ မွေးနေ့အထိမ်းအမှတ်ပွဲများနဲ့ တော်တော်များများ ဆုံဖြစ်ရတယ်။ အဖိုးအဖွားဆိုတဲ့ စကားလုံးကို တမင်ထည့်ပြောရတာက မွေးနေ့ရှင်တွေက ကိုယ့်အဖိုးအဖွားအရွယ်တွေမို့လို့ပါ။ အသက်ထင်ထင် ကျန်ရှိနေသေးတဲ့ တစ်ဦးတည်းသော ကိုယ့်အဖွားက အသက် ၉၀ ကျော်။ ကွယ်လွန်သွားကြတဲ့ ကိုယ့်အဖိုးအဖွားတွေ အသက်ထင်ထင် ရှိနေဦးမယ်ဆိုလျှင်လည်း ခုဆို ၉၀ ဝန်းကျင်လောက်စီပေါ့။ ဒါကြောင့် ၉၀ ဝန်းကျင် အရွယ်တွေကို တွေ့တိုင်း ကိုယ့်အဖိုးအဖွားတွေပဲ ရယ်လို့ စိတ်မှာထင်မိတတ်တယ်။

ခုရက်ပိုင်းမှာ ၉၀ ဝန်းကျင်အဖိုးအဖွားတွေရဲ့ မွေးနေ့အထိမ်းအမှတ်ပွဲများကိုတွေ့ရတော့ ကိုယ့်အဖိုးအဖွားတွေကို ပြန်လည်သတိရမိပါတယ်။ ကိုယ့်ငယ်ဘဝရဲ့ အချိန်အတော်များများကို အဖွားနဲ့ကုန်ဆုံးခဲ့တာမို့ အခြားသူများထက် အဖွားကိုတော့ ပိုမိုသတိရမိတတ်ပါတယ်။ ကျေးဇူးရှိသူ အဖိုးအဖွားများရဲ့ ကျေးဇူးတရားတွေကို အမြတ်ဆုံးနည်းနဲ့ ကျေးဇူးမတုန့်ပြန်နိုင်လိုက်တာအတွက်လည်း တာဝန်မကျေသလို ခံစားစိတ် ပေါ်လာမိတတ်တယ်။

ဒီမနက်မှာ ကျောင်းစာကြည့်တိုက်ကိုသွားဖြစ်တော့ စာကြည့်တိုက်အတွင်းမှာ တခုခု ပြဿနာဖြစ်ဟန်ရှိတယ်။ ရှေ့မှာ ရဲကားအချို့ရောက်နေပြီး စာကြည့်တိုက်ထဲကို မဝင်ဖို့ ဝန်ထမ်းသုံးလေးဦးကလည်း ဆိုင်းဘုတ်တွေ ကိုင်ပြီး တံခါးဝမှာ ရပ်နေတယ်။ ဒါကြောင့်ကိုယ့်လိုပဲ စာကြည့်တိုက်ထဲဝင်ဖို့ စောင့်နေသူ၊ စာကြည့်တိုက်ဝန်ထမ်းတွေနဲ့ စာကြည့်တိုက်အောက်က ကော်ဖီဆိုင်ဝန်ထမ်းတွေ၊ စုစုပေါင်း လူတစ်ရာဝန်းကျင်လောက် စာကြည့်တိုက်ရှေ့မှာ ရပ်စောင့်နေကြရတယ်။ အချိန်က တော်တော်လေးကြာလို့ ထသူထ၊ ထိုင်သူထိုင်၊ ပြန်သူကပြန်

လာသူကလည်း လာပေ့ါ။ ကိုယ်ကတော့ စာကြည့်တိုက်ရှေ့မှာ တန်းစီစိုက်ပျိုးထားတဲ့ မေပယ်လ်ပင်တွေအောက်မှာ ရပ်စောင့်နေဖြစ်တယ်။

ခုရာသီက ဆောင်းဦးရဲ့ အအေးဒဏ်ကြောင့် မေပယ်လ်ရွက်တို့ ကြွေချိန်ဆိုတော့ တန်းစီစိုက်ပျိုးထားတဲ့ မေပယ်လ်ပင်တန်းအောက်မှာ မေပယ်လ်ရွက်ခြောက်များက ပြန့်ကျဲပြည့်နှက်လျက်ပေ့ါ။ မေပယ်လ်ရွက်ခြောက်တွေက အရောင်စုံ။ တချို့က အဝါ၊ တချို့ကတော့ အနီ၊ တချို့အရွက်တွေကြပြန်တော့ အညိုရောင်ရင့်ရင့်။ အရွက်စိမ်းစိမ်းအချို့လည်း ရွက်ကြွေထဲမှာ ပါဝင်လေသမို့ မေပယ်လ်ပင်တန်းအောက်မှာ ဆေးရောင်စုံသစ်ရွက်ကော်ဇောကျယ်တစ်ခု အလျားလိုက် ဖြန့်ခင်းထားသလိုပ။

အောက်မှာမှသာ ခုလို ရောင်စုံဖြာနေသလားဆိုတော့။ ဘယ်ဟုတ်လိမ့်မလဲ။ အပေါ်ဖက် မော့ကြည့်လိုက်တဲ့အခါမှာလည်း နီတချို့၊ ဝါတသွယ်၊ ရောင်စုံချင်းလို့။ သစ်ရွက်တွေက ရင့်ရော်ပေမယ့် ပင်ယံမှာ ရောင်စုံဖြာကာလှချင်တိုင်း လှနေသလို မြေမှာကြွေကျနေတဲ့ ရွက်ကြွေများကလည်း အလှရောင်စုံဖြာလို့။ အနေတတ်မယ်ဆိုလျှင်ဖြင့် ဇရာမီးတွေ ဘယ်လောက်ပင် လောင်မြိုက်ပါစေ၊ ဇရာကြားက ပွင့်နေတဲ့ ဘဝပန်းက လန်းမြဲလန်းနေဆဲသာပါပဲလို့ တွေးမိလိုက်ခဲ့တယ်။

ကိုယ့်အတွေးနဲ့ ဆက်စပ်နေလို့ အီးမေးကနေ ပေးပို့လာတဲ့ The Rain ဆိုတဲ့ စာလေးတစ်ပုဒ်။ ဇရာလွှမ်းလဲ နွမ်းလို့မကြွေတဲ့ မေတ္တာပန်းတစ်ပွင့် အကြောင်း၊ ဒါမှမဟုတ် နွမ်းလျက်ကြေနေသော်လည်း လန်းလျက်ဝေနေဆဲရောင်စုံသစ်ရွက်လေးတစ်ခုအကြောင်းကို ဘာသာပြန်ပေးလိုက်ပါတယ်။ ဒါဟာ ဘဝတစ်ခုရဲ့ အလှစုလေးလည်း ဖြစ်ကောင်းဖြစ်နေမလားပဲပေ့ါ။

အလုပ်များတဲ့ တမနက်ခင်းမှာပေ့ါ။ အချိန်က နံနက် ၈ နာရီ ၃၀ ခန့်။ အဘိုးအိုတစ်ယောက်။ အသက်က ၈၀ ဝန်းကျင်။ လက်မမှာ စည်းထားတဲ့ပတ်တီး ဖြေဖို့ရောက်လာတယ်။ ကိုးနာရီမှာ ချိန်းထားလို့။ အရေးတကြီး လာခဲ့ရကြောင်း။ သူကပြောတယ်။

သူ့အမူအယာက အရေးကြီးနေပုံပါ။ သူ့ကိုကြည့်မယ့်အလှည့်။ တစ်နာရီကျော်ကျော်လောက် စောနေသေးတယ်ဆိုတာ ခန့်မှန်းမိလို့။ ခဏထိုင်ပါဦးလို့ သူ့ကိုပြောခဲ့တယ်။ လက်ကနာရီကို မကြာမကြာကြည့်နေတဲ့ သူ့အမူအယာက။ သူ့မှာ အခြားအရေးတကြီး တွေ့ဖို့ချိန်းထားတာ ရှိဟန်ပါပဲ။

အခြားအရေးကြီးလူနာမရှိလို့ သူ့လက်ကအနာရဲ့ အခြေအနေကို ကြည့်ရှုပေးဖို့ ဆုံးဖြတ်လိုက်တယ်။ သူ့အနာက အတော်သက်သာနေပါပြီ။ စမ်းသပ်စစ်ဆေးပြီး လိုအပ်တဲ့ဆေးဝါးများပေးလို့။ စကားစမြည်ပြောရင်း။ "အဘိုး။ အဘိုးကိုကြည့်ရတာ အရမ်းအရေးကြီးနေပုံရတယ်။ အခြားဆရာဝန်တစ်ဦးဦးနဲ့များ ဒီမနက်မှာတွေ့ဖို့ ပြောထားတာ ရှိနေသေးလို့လား"လို့ သူ့ကို မေးမြန်းကြည့်မိပါတယ်။

အဘိုးအိုက ဖြေတယ်။ သူ့မှာ တခြားတွေ့ဖို့ ပြောထားတာ မရှိပါဘူး။ ဒါပေမယ့် သူလူအိုရုံကို သွားရမယ်။ အဲဒီမှာ သူ့ဇနီးနဲ့ မနက်စာ စားဖို့ရှိတယ်တဲ့။ ဒါနဲ့ သူ့ဇနီးရဲ့ ကျန်းမာရေး အခြေအနေကို မေးဖြစ်ပါတယ်။ သူကပြောတယ်။ သူ့ဇနီး လူအိုရုံမှာ နေနေတာ အတန်ကြာပြီ။ သူမက အတိတ်မေ့ရောဂါဖြစ်နေတယ်-တဲ့။

အချိန်နည်းနည်းနောက်ကျရင် သူကစိတ်ဆိုးတတ်လို့ ခုလိုအရေးတကြီးဖြစ်နေရတာလားလို့ သူ့ကိုမေးဖြစ်လိုက်တယ်။ သူ့အဖြေက ကျနော့်ကို အံ့အားသင့်သွားစေတယ်။ သူဇနီးက သူ့ကို မမှတ်မိတာ ငါးနှစ်ကျော်ကျော် ရှိနေပြီ-တဲ့။ ကိုယ့်ကိုယ်ဘယ်သူလဲလို့ မသိတဲ့သူတစ်ယောက်ဆီကို ခုလိုပဲ မနက်တိုင်း အချိန်မှန်မှန်သွားသလားလို့ သူ့ကိုဆက်မေးဖြစ်တယ်။ ဒီတော့ သူက တောက်ပစွာ ပြုံးပါတယ်။ ပြီးကျနော့်လက်ကို အသာကိုင်ပြီး သူက စကားတိုးတိုးပြောပါတယ်။

သူ့စကားက ကျနော့်ကို ဆွံ့အသွားစေတဲ့အထိ အံ့သြမိရပါတယ်။ "သူမက အဘိုးကို မသိပေမယ့် အဘိုးကတော့ သူမ ဘယ်သူလည်းဆိုတာကို သိနေဆဲပဲလေ" တဲ့။

သူထွက်ခွါသွားချိန်မှာ ရပ်မနေနိုင်တော့လို့ ထိုင်ခုံပေါ်ကို မှီချလိုက်ရတယ်။ ကျနော့်ပါးပြင်ပေါ်မှာတော့ မျက်ရည်တွေက တားမရနိုင်စွာ တသွင်သွင်စီးလျက်။ ကျနော့်တစ်ကိုယ်လုံးမှာလည်း ကြက်သီးဖျန်းဖျန်းထလို့။ ကျနော့်စိတ်ထဲမှာလည်း "ဒါပေါ့။ ဘဝမှာ ကျနော်တောင့်တခဲ့ရတဲ့ တကယ့်ကြင်နာမှုဆိုတာ ဒါမျိုးပေါ့။ အချစ်စစ်ဆိုတာ ရုပ်ဝတ္ထု တစ်ခု မဟုတ်သလို စိတ်ကူးယဉ်သက်သက်တစ်ခုလည်း မဟုတ်ဘူးလေ။ အချစ်စစ်ဆိုတာ ဘယ်လိုပဲ ဖြစ်နေနေ။ ဖြစ်နေတာကို လက်သင့်ခံနိုင်ခြင်းပဲပေါ့"။ "အချစ်စစ်ဆိုတာ အတိတ် ပစ္စုပ္ပန် အနာဂတ်၊ အချိန်မရွေး အမြဲထာဝရ ရှင်သန်နေတတ်တဲ့ အရာပဲလေ"။

"အပျော်ရွှင်ဆုံး လူသားတစ်ဦးဖြစ်ဖို့ဆိုတာ အရာရာအားလုံးမှာ အကောင်းဆုံးတွေချည်းသာ ပိုင်ဆိုင်ဖို့ မလိုအပ်ပါဘူး။ ရှိတဲ့အရာနဲ့သာ အကောင်းဆုံးနေနိုင်အောင် နေတတ်ဖို့လိုတာပါ"။"ဘဝဆိုတာ မုန်တိုင်းကြားမှာ အသက်ရှင်အောင် ဘယ်လိုနေထိုင်ရမယ်ဆိုတာမျိုး မဟုတ်ပါဘူး။ မိုးရေကြားမှာ ဘယ်လိုကခုန်နိုင်မလဲဆိုတာမျိုးပါ"

ဒို့အားလုံးဟာ တဖြည်းဖြည်း အိုအိုလာပါတယ်။ အဖိုးအဖွားတို့ပြီးလျှင်ဖြင့် မဝေးတော့တဲ့ အချိန်မှာ အိုမင်းချင်းက ဒို့အလှည့်ကို သေချာပေါက် ရောက်လို့လာမှာပါ။

ဆွတ်ပျံ့ဖွယ် အကြင်နာတရားရဲ့ ထူးခြားလှပတဲ့ လက္ခဏာဟာ အခြားဘယ်အရာတွေနဲ့မှ နှိုင်းစာလို့ မရနိုင်၊ အစားထိုးလို့ မရနိုင်ဆိုတဲ့ အသိတစ်ခုကို ရလိုက်ပါတယ်။ နာကျင်နေသူတွေအတွက် ပေးသင့်တဲ့ ဒို့တွေ အားလုံးရဲ့ အကြင်နာတွေ၊ ကိုယ်ကြင်နာသူအတွက် ပေးလိုက်ရတဲ့ အကြင်နာတွေဟာ ခံယူသူတွေ နားလည်နိုင်တာ နားမလည်နိုင်တာ အဓိက မဟုတ်လေဘူးဆိုတာကိုလည်း သိလိုက်ရပါတယ်။ အကြင်နာဆိုတာ အစဉ်ထာဝရ ရင်မှာရှင်သန်ဖွံ့ထွားနေအောင် ပျိုးထောင်လို့ရနိုင်တဲ့ အရာသာပါလေ။

ကြင်နာတတ်တဲ့နှစ်လုံးသားရှိသူတွေအတွက်တော့ မွန်မြတ်လှပတဲ့ ပေးဆပ်မှုဆိုတာက ရင်မှာ အစဉ်သာ ကိန်းနေမယ့် ကုဋ္ဌေသိန်းမက ရတနာတစ်ပါးသာပဲ ဖြစ်နေမှာပါလေ။ ။

The rain ဆိုတဲ့ စာလေးကို အီးမေးကတဆင့် ထပ်ဆင့်မျှဝေလာတဲ့ မနွယ်နီဦးကို ကျေးဇူးတင်ပါတယ်

ညဏ်ဦးမောင်